# LESSON 13

# KING AJATASATTU

### A young king who was misled by a wicked friend

King Bimbisara had a son, Prince Ajatasattu, who was a good friend of Devadatta. By frequent contact with him, Ajatasattu was influenced to kill his father.

One silent and dark night, he crept into the king's room with a knife tied to his thigh, but he was caught by the guards. The kind king thought to himself. "Ah, I have remained king for too long. It is time that I step down and make Ajatasattu the king so that he can rule in peace, and I can retire into a religious life."' So instead of punishing Ajatasattu for his evil intentions, King Bimbisara made him the king.

After Ajatasattu was made the new king, he surprised everyone.including his father. Swift like a viper caught by its tail, he sprang round and threw his father into the dark and cold dungeon.

"Let him have no visitors other than my mother," ordered Ajatasattu, "and give him no food so that he will starve to death."

But King Bimbisara did not die. His loyal wife secretly brought in food hidden in her clothes. When Ajatasattu found out and stopped this, she carried food in her hair-knot. Again Ajatasattu found out. Finally, the queen had to bathe her body and cover it with a mixture of honey, butter, ghee and sugar. By licking this food off her body, he survived. At last Ajatasattu found this out and he forbade his mother from visiting his father. Now the king had no food to sustain himself and would surely die.

## သင်ခန်းစာ (၁၃)

## အဇာတသတ်မင်းကြီး

### ဆရာမှားကို လိုက်နာမိသော မင်း

ဗိမ္ဗိသာရမင်းကြီး၌ အဇာတသတ်ဟု အမည်ရှိသော အိမ်ရှေ့မင်းသား သားတော်လေးရှိလေသည်။ ထိုအဇာတ

သတ်သည် ဒေဝဒတ်နှင့်ခင်မင်ရင်းနှီးသော သူငယ်ချင်းများဖြစ်လေသည်။ ထိုဒေဝဒတ် နှင့်ပေါင်းသင်းမိပြီး သူရဲ့ဖခင် ဗိမ္ဗိသာရမင်းကြီးကို သတ်ရန်သွေးဆောင် တိုက်တွန်းခဲ့လေသည်။

တိတ်ဆိတ်သောတစ်ညတွင် အဇာတသတ်မင်းကြီးရဲ့အိပ်ခန်းသို့ ပေါင်မှာဓားမြှောင်တပ်ကာ သတ်ရန် တိတ်တဆိတ်ဝင်ရောက်လာလေသည်။ သို့သော်လည်း အစောင့်အရှောက်ရဲမက်များရဲ့ ဖမ်းဆီး မှုကိုခံရလေသည်။ မင်းကြီးသည် ဤသို့ စဉ်းစားလေ၏။ “ဟင် ငါလဲ မင်းလုပ်လာတာကြာလှပြီ။ အဇာတသတ်အား မင်းမြှောက် ချိန်တန်၍ သူအေးဆေးစွာတိုင်းပြည်အုပ်ချုပ်လျှင် ငါလည်း မင်းကိစ္စမှ အနားယူကာ တရားအလုပ် အပြီးလုပ်ရန် အခွင့်ရမည်။” ထို့ကြောင့် အဇာတသတ်က သေကြောင်းကြံ စည်သော်လည်း အရေးမယူဘဲ၊ ဗိမ္ဗိသာရမင်းကြီးက အဇာတသတ်အား မင်းမြှောက်ပေးလေသည်။

အဇာတသတ်မင်းဖြစ်ပြီးနောက် ခမည်းတော်ကြီး အပါအဝင် အားလုံး နားမလည် အံ့အားသင့် ရလေ တော့သည်။ ကိုယ့်အမြိုးကိုယ်ပတ်မိသည့် မြွေပွေးလို လျှက်တပြက် လှည့်ကာ ခမည်းတော်ကြီးအား မှောင်မည်း အေးစက်သော မြေအောက် အချုပ်ခန်းတွင် ထည့်သွင်းလိုက်သည်။

“သူ့အား ငါ့အမေမှလွဲလို့ ဘယ်သူနဲ့မှ ပေးမတွေ့စေနဲ့” ဟု အမိန့်ထုတ်ပြီး “ဘာအစားအစာမှလဲ မပေးနဲ့၊ အစာငတ်ပြီးသေသွားပါစေ။” ဟု အမိန့်ပေးလေသည်။

ဒါပေမယ့် ဗိမ္ဗိသာရမင်းကြီးက မသေပေ။ သူရဲ့သစ္စာရှိသော မိဖုရားကြီးက အစာရေဆာများကို အင်္ကျီများအတွင်း ခိုးဝှက်ယူဆောင်လာပြီး ကျွေးမွေးစောင့်ရှောက်လေသည်။ ဒါကို အဇာတသတ် သိသွားသော် မိဖုရားကြီးက သူမရဲ့ ဆံပင်ဆံထုံးထဲတွင် အစားအစာများ သိုဝှက်ယူဆောင်ပေးလေသည်။ ဒါကိုလဲ အဇာတသတ်မင်းသိသွားလေသည်။ နောက်ဆုံးတော့ မိဖုရားကြီးသည် တစ်ကိုယ်လုံး သန့်စင်ပြီး သူမ၏ကိုယ်ပေါ် တွင် ပျားရည်၊ ထောပတ်၊ အဆီ၊ သကြားများလူးနယ်ပြီး ဘုရင်ကြီးအား အာဟာရများကို လျှက်စေလျှက် အသက်ရှင်အောင် စောင့်ရှောက်ပေးခဲ့သည်။ ဒါကိုလည်း အဇာတသတ်မင်း သိသွား၍ နောက်ဆုံးတော့ မိခင် မိဖုရားကြီးအား ဘုရင်ကြီးနှင့်လုံးဝတွေ့ခွင့်မပေးတော့ပေ။ ထိုနည်းနှင့်ဘုရင်ကြီးအား အစာငတ်ခံကာ သေအောင် ထားလေသည်။

But Ajatasattu lost his patience and demanded, “Call the barber.” When the barber came, he ordered, “I command you to go to Bimbisara's cell, cut open the soles of his feet with your razor, tear the skin away and put salt and oil on the raw flesh. Then 1 command you to force him to walk on burning charcoal until he dies.”'

When King Bimbisara saw the barber approaching, tears of joy watered his cheeks as he thought, “At last my son has realized his folly. Now he sends a barber to trim

my beard and cut my hair before releasing me from prison." Instead, with the help of two soldiers, the barber carried on the orders and the good king died in great pain.

On that very day, Ajatasattu received news that his wife had given birth to a son. Great was his joy at being a father and a thought came to his mind. He hurried to his mother and asked, "Tell me mother, did my father love me as much as I love my son?"

His-mother turned around, stared at him in silence with her sorrowful eyes and then murmured in disbelief, ""What did you say, Ajatasattu? You asked if your father loved you?"'

"Ajatasattu, when you were in my womb, I wanted to drink blood from your father's hand. When he found this out, happily. he cut his wrist for me to drink his blood for you. When the fortune-tellers predicted that you would be your father's enemy, I tried to have a miscarriage but he prevented me. Again I tried to kill you when you were born, he stopped me even though he knew that one day you will kill him. Is that not love?"

ဒါပေမယ့် အဇာတသတ် စိတ်မရှည်နိုင်တော့ဘဲ "ဆံ မုတ်ဆိတ်ရိတ်သူကိုခေါ်" ဟု အမိန့်ပေးလေသည်။ မုတ်ဆိတ်ရိတ်သူရောက်သော် "ဗိမ္ဗိသာရမင်းကြီးရဲ့ အချုပ်ခန်းကိုသွား၊ သူ့ရဲ့ခြေဖဝါးနှစ်ဖက်ကို သင့်ရဲ့ဓားနဲ့လှီးပြီး အသားများကို လှီးဖယ်ကာ ဆီနှင့်ဆားများပက်ထည့်စေ။ ထို့နောက် မီးမြိုက်နေသော မီးသွေးခဲတွေပေါ်မှာ လမ်းလျှောက်စေ"ဟု အမိန့်ပေးဆောင်ရွက်စေသည်။

ဗိမ္ဗိသာရမင်းကြီးသည် မုတ်ဆိတ်ရိတ်သူကို မြင်သော် ပျော်ရွှင်လွန်းပြီး မျက်ရည်များကျကာ၊ ငါ့သား အခုမှပဲ သူ့ရဲ့အမှားတွေကို သိပြီး၊ ငါ့ရဲ့ဆံပင်နှင့်မုတ်ဆိတ်များ ရိတ်ပြီး သန့်ရှင်းပေးရန် အချုပ်က လွှတ်ပေးရန် စေလွှတ်လိုက်ပြီဟု စဉ်းစားမိလေသည်။ ထင်ထားသည့်နှင့်တခြား စစ်သည်နှစ်ယောက် အကူအညီဖြင့် မုတ်ဆိတ်ရိတ်သူသည် အမိန့်ပေးထားသည့်အတိုင်း လုပ်ဆောင်ရာ အသည်းခိုက်အောင် နာကျင်ခံစားရပြီး စိတ်ကောင်းရှိသော သောတာပန်မင်းကြီး နတ်ရွာစံလေတော့သည်။

ထိုနေ့မှာပင် အဇာတသတ်သည် သူ့ရဲ့မိဖုရား သားတော်လေးမွေးသည်ဟု သတင်းရလေသည်။ ဖခင်အဖြစ်ရောက်ပြီဟူသော အသိနှင့်လွန်စွာဝမ်းသာရပြီး အတွေးတစ်ခု အဇာတသတ်တွေးမိလေသည်။ မိခင်မိဖုရားကြီးဆီ အမြန်သွားပြီး "မယ်တော် ကျုပ်ခမည်းတော် ကျုပ်သားတော်လေးကို ချစ်သလောက် ကျုပ်ကို ချစ်လားပြောပါ မယ်တော်ဟု မေးလေသည်။

မိဖုရားကြီးသည် အဇာတသတ်ဖက်ကို လှည့်ကာ စူးစိုက်ကြေကွဲသော အကြည့်များဖြင့် စိုက်ကြည့်နေပြီးနောက် မယုံကြည်နိုင်စွာ ဝမ်းနည်းစွာဖြင့်ဆိုလေသည်။ "အဇာတသတ် နင်ဘာပြောတယ်၊ သင့်ကို သင့်ဖခမည်းတော်ချစ်ရဲ့လားလို့ သင်မေးတယ်။"

အဇာတသတ် သားကို မယ်တော်ကိုယ်ဝန်ဆောင်နေစဉ် သင့်ဖခမည်းတော်ရဲ့ လက်မောင်းသွေးကို သောက်ချင်တဲ့ ချင်ချင်းတက်ခဲ့တယ်။ အဲဒါကို သိသွားတော့ ပြုံးပျော်စွာနဲ့ သူ့ရဲ့လက်ကို လှီးကာ ကျလာတဲ့သွေးကို သင့်သားတော်လေးအတွက် မယ်တော်ကိုသောက်သုံးစေခဲ့တယ်။ ပညာရှိပုဏ္ဏားတွေက "ဒီသားတော်ဟာ ဘုရင်ကြီးရဲ့ရန်သူဖြစ်လိမ့်မည်" ဟု ဟောတာတွေကို ဂရုမစိုက်ပဲ၊ ငါ ကိုယ်ဝန်ပျက်ကျအောင် ကြိုးစားတာတွေကို တားမြစ်အမိန့်ပေးခဲ့တယ်။ သင့်ကို မွေးဖွားပြီးနောက် ငါ သင့်ကို သတ်ဖို့ ကြိုးစားခဲ့တာကိုလည်း သူ့ကိုရန်ပြု သတ်မယ့်သားဟု သိသော်လည်း သိလျှက်နဲ့ငါ့အား သားတော်ကို မသတ်ဖို့ တားမြစ်ခဲ့တယ်။ အဲဒါသင့်ကို ချစ်လို့မဟုတ်ဖူးလား။"

"'Do you see that scar on your thumb? That was a boil you had when you were small. You were crying from so much pain that nobody could put you to sleep. When your father heard this, he stopped from his royal duty and came running to see you. Gently he took you in his lap and sucked the boil until it burst open in his mouth. O my son, your father swallowed it out of love for you – that pus and blood. In what way did he not love you, Ajatasattu? Tell me, Ajatasattu, would you do for your son what your father had done for you? And you want him dead."

When he heard this, Ajatasattu was choked with tears. He ordered his guards, "Run, run and release my father before he dies.' But none of them moved. "Go, I command you. Release my father before he dies,"' Ajatasattu shouted.

Then his adviser stepped forward and said slowly, "Great king, your father had just died this morning."' Ajatasattu fell on his knees and cried until his body jerked violently, uttering, 'Forgive me, father. Please forgive me."'

Ajatasattu realized what was the love of a father only when he became a father himself. As for King Bimbisara, he was reborn as a deva in the Catummaharajika Heaven.

"သင်လက်မှာ အဲဒီအမာရွတ်ကို တွေ့လား" သားတော်ငယ်စဉ်က လက်မမှာ အနာစိမ်းပေါက်ကာ နာကျင်လွန်းလို့ ငိုပြီး ဘယ်သူမှ သက်သာအောင် သားတော်လေး အိပ်စက်အနားရအောင် မလုပ်ပေးနိုင်ခဲ့ဘူး။ အဲဒါကို သင့်ဖခမည်းတော်ကြီး ကြားသိသွားတော့ မင်းလုပ်ငန်းများမှ ချက်ချင်းရပ်ကာ အပြေးအလွှား သားတော်လေးဆီကို လာခဲ့တယ်။ သားတော်ကို သူ့ပခုံးပေါ်မှာ ချီထားပြီး သားရဲ့လက်မက အနာစိမ်းကို အာခေါင်ထဲ ငုံကာ အနွေးဓာတ်ပေးပြီး သက်သာအောင် လုပ်ပေးခဲ့တယ်။ အနာစိမ်းမှဲ့ပြီး သွေးနဲ့ပြည်တွေပေါက်ထွက်တာကို သားတော်လေး နိုးသွားမှာစိုးရိမ်လို့ သားတော်လေးကို ချစ်လွန်းလို့ သွေးတွေ ပြည်တွေကို မျိုချခဲ့တယ်။ အဇာတသတ် ဒါတွေဟာ သင့်ဖခမည်းတော် သင့်ကို ချစ်လို့ မဟုတ်ဘူးလား။" "မယ်တော်ကို ပြောစမ်း အဇာတသတ် သင့်သားလေးအတွက် သင့်ဖခမည်းတော် သင့်ကို လုပ်ပေးခဲ့တာတွေကို သင်လုပ်နိုင်သလား။ ဒါကို သင့်က ဖခမည်းတော်ကို သေစေချင်ခဲ့ တယ်။

ဒါကို ကြားသောအခါ အဇာတသတ် မျက်ရည်များပြည်လျှံလာကာ ရင်ထဲ တစ်စို့လာတော့ကာ ရဲမက်များကို ချက်ချင်း "သွား အမြန်ပြေး ငါ့အဖေ မသေခင် အမြန်သွားပြီး လွှတ်ဖို့သွားပြော"ဟု အမိန့် ပေးလေသည်။ သို့သော် တစ်ယောက်မှ မလှုပ်ကြပေ။ "ငါ အမိန့်ပေးနေတယ်၊ အခု ချက်ချင်းသွား၊ ငါ့ ဖခမည်းတော် မသေခင် အခုလွှတ်ဖို့သွား" ဟု အဇာတသတ် အော်ပြောလေသည်။

ထိုတွင် အမတ်ကြီး တစ်ပါး အရှေ့နား ခစားကာ ဖြေးဖြေးလျှောက်လေတော့သည်။ "အို မင်းကြီး မင်းကြီးရဲ့ဖခမည်းတော် ဒီနေ့မနက်ကဘဲ နတ်ရွာစံပြီးလေပြီ။ အဇာတသတ်ရုပ်သေးကြိုးပြတ် ဒူးခွေကျကာ အလွန်ကြေကွဲ နောင်တအကြီးအကျယ်ရပြီး။ "ခမည်းတော်ဘုရား သားတော်ကို ခွင့်လွှတ်ပါဘုရား" ဟု အော်ဟစ်ငိုကြွေးကာ တကိုယ်လုံး တုန်ခါလျက် သောကရောက် ငိုကြွေးနေတော့သည်။

အဇာတသတ်မင်းသည် သူ့ကိုယ်တိုင် ဖခင်နေရာ ရောက်မှ သူ့ရဲ့ဖခင်၏မေတ္တာကို သဘောပေါက် နားလည် နိုင်တော့သည်။ နတ်ရွာစံပြီးသော ဗိမ္ဗိသာရမင်းကြီးသည် စတုမဟာရာဇ် နတ် ပြည်တွင် နတ်သားဖြစ်လေတော့သည်။